


# အခန်း(၁)

ကြယ်ရောင်ကမရှိ၊ မီးရောင်ကမလင်း၊ လရောင်ကမသာ၊ တစ်ယောက်မျက်နှာတစ်ယောက် အနီးကပ်မမြင်နိုင်သော အချိန်မျိုးမှာပင် အိမ်ပြန်ရကောင်းမသိလောက်အောင် ရာဂဘီလူးက ဝင်ရောက်နှောင့်ယှက်ပြီး ထင်ရာစိုင်းနေ၏ ။

အရက်နံ့တသင်းသင်းနှင့် သူ့ကိုယ်ငွေ့လေးကို မမှန်းနိုင်အောင် ရှူင်ရှိုက်ရင်း အင်္ကျီဖလာ ခန္ဓာကိုယ်ကို လွတ်ထွက်သွားမှာ စိုးသည့်အလား အတင်းဖက်တွယ်ထားသည်။

သကောင့်သားရဲ့ ရဲတင်းမှုက အဆင့်တွေ တစ်ဆင့်ချင်း တက်လာပြီး ခန္ဓာဗေဒကို ခွဲခြမ်းစိတ်ဖြာအသုံးချတော့မည့် အနေအထား တွေ့နေရသောကြောင့် မိန်းကလေးပီပီ စကားလေးတစ်ခွန်းတော့ ဟန့်တားပြီး မူလိုက်၏ ။

`မောင် ... ရထားသံလမ်းပေါ်မှာ မကောင်းဘူးကွာ'

`ဘာလို့ မကောင်းရမှာလဲ .. မရဲ့ ... ဒီနေရာက ဘယ်သူမှ မြင်ရတာ မဟုတ်ဘူး .. ဘာလဲ ..မက ရှက်နေတာလား'

`ဟင့်အင်း ... ကျောကို ခဲစူးလို့'

`ဩော် ... ဒါများမရယ် .. မောင့်ပခုံးကိုခုပေးထားမယ်အဆင်ပြေသွားမှာပါ'

အရက်တရားနဲ့ဂုဏ်သိက္ခာကိုသံလမ်းပေါ်မှာ ဖြန့်ခင်းပြီး

ကာမဘီလူးဇာတ်ခင်းနေသည်က ယိုသူမရှက်မမြင်သူရှက
ကိုယ်စောင့်နတ်ထွက်ပြေးပြီး မကောင်းဆိုဝါးတွေကိုလက်ယက်ခေါ်နေသလို
ဖြစ်နေမှန်းသူတို့နှစ်ဦးမသိခဲ့။

နေရာကရထားသံလမ်း အချိန်ကညဇ္ဈနာရီ၊
ပတ်ဝန်းကျင်ကအိမ်ခြေရာခြေမရှိ။ လုပ်နေတဲ့လုပ်ရပ်က ...

ဂျုံးဂျုံးဂျက်ဂျက် ... ဂျုံးဂျုံးဂျက်ဂျက် ...

တုံးလုံးပတ်လက် ဖြစ်နေတဲ့အချိန်မှာ ဂျုံးဂျုံးဂျက်ဂျက် ...
အသံလည်းနားထဲမကြားခဲ့

အရှိန်အဟုန်ဖြင့် ဖြစ်နေတဲ့အချိန်မှာ ကာမဂုဏ်အာရုံကြောကို
ရေအစုန်မှာ လှေကြုံလိုက်ပြီး မေထုန်အမိုက်မှာယစ်မူးနေစဉ်

စက်ခေါင်းမောင်းသူ ကိုယ့်မျက်စိကိုယ့်အယုံနိုင်အောင်
သေချာပွတ်ကြည့်မှစိတ်ထဲစွဲနေ၍ မြင်တာမဟုတ်။
အပြင်မှာလက်တွေ့သရုပ်ပြနေသော အပြာရောင်အချစ်ညဇာတ်လမ်းကို
တွေ့လိုက်ရသည်။

ဘော် ... ပူ ... ပေါ်

ဥသြဆွဲပေးလိုက်သော်လည်း မေထုန်ရာသီဖွားနှစ်ယောက်က
အချစ်နှင့်နက္ခတ်တိုက်ပြီး တစ်ယောက်နှင့်တစ်ယောက်မလွတ်တမ်းဖက်ကိုင်ထား၏
။

ဘော်...ပူ...ပေါ်

ဒုတိယအကြိမ် အသံပြုပါသော်လည်း စမ်ထနေပီဖြစ်သောကြောင့်
ဘာသံမှ မကြားနိုင်လောက်အောင် နားပင်းနေကြသည်။

ဒီအချိန်မှာ သိကြားမင်း ဆင်းတားရင်တောင် မင်းလားကွ

သာသနာဖျက်ဆိုပြီး ပလောတာတစ်ချပ်ကို လက်နှစ်ဖက်နှင့် ရိုက်သလို ဘယ်ပြန်ညာပြန် ရိုက်မိမှာ အသေအချာပင်။

'ဂစ်'

အနားအနီးမှ သိလိုက်သော်လည်း အရာအားလုံး နောက်ကျသွားခဲ့ပြီ။

*

'အဲဒါပဲ ဟော့လိုင်း၊ အဲဒီ အချိန်ကစပြီး ညကိုးနာရီရထားစီးတဲ့သူတွေဟာ ဘယ်တော့မှတစ်ယောက်တည်းမစီးဘူး၊ တစ်တွဲမှာအနည်းဆုံးလူငါးယောက်စုစီးကြတယ်။ သူတို့စီးတဲ့အတွဲက နောက်ဆုံးကရဲအတွဲမှာ'

ကျွန်တော့်ရဲ့စိတ်ဝင်စားမှုတွေ အထွတ်အထိတ် ရောက်သွားသည်။

'တွဲတစ်တွဲမှာတစ်ယောက်တည်းစီးမိရင် ဘာဖြစ်လို့လဲ'

ဇေကမ္ဘာအောင်ကြီး ဆေးလိပ်ကိုတစ်ဖွာရှိုက်လိုက်ပြီး

'တလောကငါ့သူငယ်ချင်းတစ်ယောက် သူ့မိန်းမကို ယောက္ခမအိမ်ပြန်ပို့ပြီး အလာရထားတွဲနှစ်တွဲကြားက သံဂျက်ကြီးပေါ်မှာ စုံတွဲတစ်တွဲထိုင်ပြီးလိုက်လာတာ အမှောင်ထဲကနေ တွေ့လိုက်ရတယ်။ နှစ်ယောက်လုံးမျက်နှာမမြင်ရပေမယ့် အမျိုးသမီးဝတ်ထားတဲ့အဝတ်အစားက သူ့မိန်းမအဝတ်အစားနဲ့တထေရာတည်းမို့သူကြောင်လည်းကြောင် ဒေါသလည်းထွက်ပြီး သေချာအောင်ဓာတ်မီးနဲ့ထိုးကြည့်လိုက်မှ'

'သူ့မိန်းမ နောက်ထပ်ယောကျာ်းတစ်ယောက်နဲ့ ဖောက်ပြန်နေတာလား၊

အဲဒါများဗျာချိန်းတွေ့စရာရှားလို့
သူ့ယောကျာ်းပြန်စီးလာတဲ့ရထားတွဲပေါ်လိုက်လာတယ်။
ကိုယ့်သေတွင်းကိုယ်တူးတာပဲ'

'မဟုတ်ဘူး ... ဓာတ်မီးနဲ့ သေချာထိုးကြည့်လိုက်တာ
တွဲကြားမှာဘယ်သူမှမရှိဘူး၊ အဲဒါနဲ့သူလည်းအမြင်မှားတာဆိုပြီး
ပြန်ပိတ်လိုက်တယ်။ ခဏနေတော့အဲဒီ နေရာကို ပြန်ထပ်ကြည့်မိတော့
စောစောအတွဲ ပြန်ရောက်နေပြန်တယ်။ သူလည်းစိတ်ထဲမသိုးမသန့်ဖြစ်လာတာနဲ့
ဓာတ်မီးနဲ့ ပြန်ထိုးကြည့်လိုက်တာဘာမှမတွေ့ရပြန်ဘူး၊ အဲဒါနဲ့ သွေးပျက်ပြီး
ရထားပြတင်းပေါက်ကနေခုန်ချတာကံကောင်းလို့မသေတယ်။
တစ်ကိုယ်လုံးဒဏ်ရာတွေချည်းပဲ'

ဇေကမ္ဘာအောင်ကြီးစကားကြောင့် ကျွန်တော်တောင်
နည်းနည်းတော့ကြက်သီးထသွားသည်။

ဇေကမ္ဘာအောင်ကြီးအမည်တွင်လာပုံက သူ့အိမ်မှာ ဇေပုလင်းအခွံတေ
နေရာအနှံ့စုဆောင်းထားသောကြောင့် ဇေကမ္ဘာအောင်ကြီးဟု ခေါ်ကြခြင်းဖြစ်သည်။

အခုလည်းသူနဲ့စကားပြောနေတာအရက်နံ့ကတလှိုင်လှိုင်သင်းကြိုင်လို့။

အရက်သမားမို့ယုံရအခက်မယုံရအခက် ဖြစ်နေစဉ်သျှမ်းအေးကို
ရောက်လာသည်။

သူကရှမ်းလူမျိုးမို့ နာမည်ရှေ့မှသျှမ်းထည့်ခြင်းမဟုတ်။
မသာအိမ်လှည့်လည်ပြီး ရှမ်းကိုးမီးချတက်သောကြောင့်
သျှမ်းအေးကိုဟုအမည်တွင်နေခြင်းပင်။

သျှမ်းအေးကိုက ထိုင်ခုံတစ်ခုံကိုဝင်ဆွဲထိုင်ရင်း

'ဘာအကြောင်းတွေ ပြောနေကြတာလဲကွ'

'ဒီမှာကွ စာရေးဆရာကြီးကိုကုန်ကြမ်းတွေ ပေးနေတာ။ သရဲရထားအကြောင်း'

'ဟတ်ပီးဝေါကသရဲရထားလား'

'ဘယ်ကလာ ... အပြင်မှာတကယ်ခြောက်တဲ့သရဲရထားကို ပြောတာ'

သျှမ်းအေးကို ပြူးတူးပြဲတဲနှင့်

'ဟာ ... ဒါဆိုပန်းဆိုးတန်းကမိန်းမနှစ်ယောက်ပြောတဲ့သရဲရထားထင်တယ်'

'ဘယ်လိုပြောလို့လဲဟင်'

'အေမီနဲ့ ဒေစီညီအစ်မနှစ်ယောက် ဈေးမှာပန်းရောင်းပြီး ပြန်လာတော့အိမ်မက်လမ်းလွဲဘူတာအရောက်မှာ အတွဲတစ်တွဲတက်လာတယ်တဲ့။ တက်လာပြီးတော့ ထိုင်ခုံမှာမထိုင်သေးဘဲအမျိုးသမီးက သူတို့ညီအစ်မနှစ်ယောက်ကို ကျောပေးပြီးကုန်းကုန်းကွကွနဲ့တစ်ခုခုကိုငုံ့ပြီးရှာနေတယ်တဲ့။ အဲဒါနဲ့ ဘေးနားကသူ့ကောင်လေးကဘာရှာနေတာလဲလို့ မေးတော့ ကျွန်မမျက်လုံးနှစ်လုံးကျပျောက်သွားလို့ရှာနေတာလို့ ပြောတယ်တဲ့လေ'

ကျွန်တော် ခေါင်းမွေးတွေ ထောင်တက်သွားသလိုခံစားလိုက်ရသည်။

အသံတွေတောင်တုန်ချင်လာ၏ ။

'အဲ .... အဲဒါနဲ့ '

'အဲဒါနဲ့ ကောင်လေးက သံလမ်းပေါ်မှာကျွတ်ကျခဲ့တာဖြစ်မယ်။ ပြန်ဆင်းရှာရအောင်ဆိုပြီးအရှိန်နဲ့သွားနေတဲ့ရထားပေါ်က နှစ်ယောက်သားလက်တွဲပြီး အောက်ကိုခုန်ချသွားတယ်တဲ့လေ။ အဲဒီ အချိန်ကစပြီး သူတို့ညီအစ်မနှစ်ယောက် ဘယ်တော့မှအပြန်ဆိုရထားမစီးတော့ဘူး။

ကားကျပ်ရင်ကျပ်ပါစေလိုင်းကားနဲ့ပဲ ပြန်ကြတော့တယ်'

'စိတ်ဝင်စားစရာတော့ ကောင်းနေပြီ။ နောက်ထပ်ဘယ်လိုတွေထပ်ကြားသေးလဲ'

သျှမ်းအေးကိုကတစ်ချက်စဥ်းစားဟန်ပြုပြီး

'အဲဒီ ရထားပေါ်မှာသရဲခြောက်တယ်လို့သတင်းတွေလည်းထွက်ရော ခရီးသည်တွေကတစ်တွဲတည်းမှာအားလုံးစီးကြတယ်။ ကျန်တဲ့ဘူတာတွေမှာတစ်ယောက်တစ်ကွဲစီ ဖြစ်နေပေမယ့် အိမ်မက်လမ်းခွဲဘူတာရောက်တာနဲ့ နောက်ဆုံးတွဲကို ပြောင်းကြတာတဲ့၊ ပြီးခဲ့တဲ့တနင်္လာနေ့ကရထားပေါ်မှာလူလည်း လေးငါးယောက်ပဲပါတဲ့အချိန် အိမ်မက်လမ်းခွဲဘူတာလည်းအကျော် အတွဲမှာပါလာတဲ့ အဖွားကြီးတစ်ယောက်နဲ့ပန့်ခ်လိုလိုငနဲတစ်ယောက်ကိုဝင်ပူးသတဲ့'

'ဟင် ... ဘယ်လိုဆက်ဖြစ်လဲ'

ကျွန်တော်သိချင်စိတ်တွေ အရမ်းစောနေပြီ ဖြစ်သည်။

'အဘွားကြီးကအိပ်ငိုက်နေတဲ့အချိန်ဆက်ခနဲ ဖြစ်သွားပြီး သူ့ရှေ့တည့်တည့်မျက်နှာချင်းဆိုင်မှာထိုင်ပြီး နားကြပ်နဲ့သီးချင်းနားထောင်နေတ ပန့်ခ်ငနဲကိုပြည်တည်တည်နဲ့ပြုံးပြသတဲ့။ အဲဒီ အချိန်မှာ အဲဒီ ငနဲကလည်းမျက်လုံးမှိတ်နေရာကနေ ရုတ်တရက်ပွင့်လာပြီးနားကြပ်ကို ဖြုတ်၊ အဘွားကြီးဆီလာပြီးလက်ကမ်းပေးတယ်တဲ့'

ဇာတ်လမ်းကဇာတ်ရှိန်တက်နေပြီ ဖြစ်သောကြောင့်ကျွန်တော်စိတ်ဝင်တစားနားစိုက်ထောင်နေ၏ ။

'ပြီးတော့ထိုင်ခုံမှာ နှစ်ယောက်သားပူးပူးကပ်ကပ်ထိုင်ပြီး ပွေ့ဖက်အကြည်ဆိုက်နေတယ်တဲ့လေ၊ အဲဒါကို ဘေးလူတွေကအံ့ဩပြီး

ကြောင်ကြည့်နေတာပေါ့၊ အဘွားကြီးကအသက်၆၀ ကျော်လောက်ရှိတယ်၊ ပန်ခြံငနဲကခုမှဆယ်ကျော်သက်လူငယ်လေး ဘယ်လိုလုပ်ပုံမှန်ဟုတ်မှာလဲ၊ ဒါနဲ့တင်မပြီးသေးဘူး။ ကောင်လေးကအဘွားကြီးကို လူတွေအများကြီးရှေ့မှာတင်အကြင်နာပေးတယ်တဲ့'

တဖြည်းဖြည်းနှင့် နားရှက်စရာတွေ ဖြစ်လာသောကြောင့် ကျွန်တော်ရယ်ချင်လာသည်။

'ဒီထက်ဆိုးတာက ပန်ခြံငနဲ့အဘွားကြီးရဲ့အကျီရင်ဖုန်းကြယ်သီးကို ဖြုတ်လိုက်တဲ့အချိန် လူတွေအားလုံးက ပြဿနာတက်ပြီဆိုပြီး ဝိုင်းဆွဲလိုက်မှ ပူးထားတဲ့သူရဲနှစ်ကောင်ကထွက်သွားတယ်တဲ့လေ။ ဆက်ဖြစ်နေရင်မတွေးစရာပဲ၊ အဘွားကြီးလည်းရှက်လွန်းလို့မျက်နှာတောင်မပြရဲတော့ဘူး။ ကောင်လေးဆိုရင် မျက်နှာကြီးကိုမဲနေတာပဲတဲ့။ အဲဒီ အချိန် ဘေးနားမှာသူ့ကောင်မလေးလည်းရှိနေတယ်။ သူ့ကောင်မလေးကငဖွတဲ့။ နောက်နေ့အဲဒီ သတင်း ကျောင်းမှာပြန့်ပြီဆိုပြီး ကောင်လေးခမျာပန်ခြံထောင်မထောင်နိုင်တော့ဘဲ ခွေးသေကောင်လဒချီတဲ့ရုပ်နဲ့'

ကျွန်တော် ဟန်မဆောင်နိုင်တော့ဘဲ ရယ်ချလိုက်သည်။

'ဟား ... ဟား .... ဟား ... သရဲမကလည်း ပူးမှပူးတက်ပလေ၊ မသကာသူ့ကောင်မလေးကို ဝင်ပူးတယ်ဆိုရင်တောင် လူကြားကောင်းသေးတယ်။ အခုတော့အဘွားကြီးကိုမှသွားပူးတယ်လို့'

'ငါ့အထင်တော့အချိုးမပြေတဲ့ ပန်ခြံငနဲကိုကြည့်မရလို့ဒုက္ခပေးလိုက်တာ ဖြစ်မယ်'

ဇေကမ္ဘာအောင်ကြီးရဲ့စကားကြောင့် အားလုံးရယ်ပွဲဖွဲ့နေစဉ်စကားဝိုင်းထဲ နောက်ထပ်တစ်ယောက်ဝင်လာသည်။

သူကတော့ နိုင်တီးတူးဖိုးကျော်။

ထွေထွေထူးထူးမိတ်ဆက်စရာမလို၊ ကွမ်းနဲ့ပါးစပ်ပြတ်တယ်မရှိသောကြောင့် နိုင်တီတူးဖိုးကျော် ဖြစ်နေရခြင်းပင်။

'ဒီလောက်ရယ်နေပုံထောက်တော့ ဟာသကားအကြောင်း ပြောနေတာဖြစ်မယ်ထင်တယ်'

'နင့်ကြီးတော် ... ဟာသကားအကြောင်း ပြောရမှာလား၊ သရဲရထားအကြောင်းပြောနေတာ'

သျှမ်းအေးကိုစကားကြောင့် နိုင်တီတူးဖိုးကျော် ကြောင်သွားသည်။

'သရဲရထားအကြောင်း ဘယ်လိုလို့ရယ်စရာပါတာလဲ'

ကျွန်တော်ကသျှမ်းအေးကိုပြောသောအဖွားကြီးနဲ့ပန့်ခ်ကိုကိုဇာတ်ဝင်ခန်းပြောပြလိုက်ရာ နိုင်တီတူးဖိုးကျော်စပ်ဖြဲဖြဲနှင့်

'အဲဒီ အကြောင်းငါကြားပြီးပါပြီ၊ ငါလည်းအဲဒီရထားကိုစိတ်ဝင်စားနေတာ၊ တစ်ခါတစ်လေရထားစက်ခေါင်းမောင်းတဲ့သူတွေတောင် မီးရောင်ပျပျမှာစုံတွဲတစ်တွဲလက်ချင်းချိတ်ပြီး သံလမ်းနှစ်ဖက်ပေါ်မှာလမ်းလျှောက်နေတာ တွေ့တယ်လို့ပြောတယ်။ တဖြည်းဖြည်းနီးလာရင်မမြင်ရတော့ဘူးတဲ့'

'အဲဒါဆိုရင်သံလမ်းပေါ်က သရဲကအမှန်အကန်ကြီး ခြောက်နေတာပေါ့'

ကျွန်တော့်စကားကို ဇေကမ္ဘာအောင်ကြီးကအထအန ကောက်သည်။

'ဘာလဲမင်းကအကြံအဖန်ကြီး ခြောက်နေတယ်ထင်လို့လား၊ ငါတို့လုပ်ကြံပြောနေတာထင်လို့လား'

'သြော်မဟုတ်ပါဘူးဗျာ၊ အမှန်အကန်ဆိုရင်ကျွန်တော်စိတ်ဝင်စားလို့ပါကုန်ကြမ်းရတာ ပေါ့'

'ကုန်ကြမ်းရချင်ရင် အဲဒီ ရထားလိုက်စီးပါလား'

နိုင်တီတူးဖိုးကျော်စကားကြောင့် ကျွန်တော် တွေးစရာ ဖြစ်သွားသည်။

'အင်း ... စီးတော့စီးချင်တယ်၊ ဒါပေမယ့်တစ်ယောက်တည်းတော့ မစီးရဲဘူး'

'တစ်ယောက်တည်းစီးစရာမလိုပါဘူး၊ ငါတို့လည်းပါမှာပေါ့၊ မနက်ဖြန်စနေနေ့သွားစီးဖို့ ငါတို့တိုင်ပင်ထားပြီးသား မင်းလိုက်ချင်ရင်လိုက်ခဲ့'

ကျွန်တော်လိုက်ချင်စိတ်ပေါက်သွားစဉ် ဧည့်သည်တစ်ယောက် ရောက်လာသည်။ သူကတော့

'ဟာ ... မတစ်လုံးကျော မောင်စိုးပေ ရောက်လာပြီဟေ့၊ နေရာလေးဖယ်ပေးလိုက်ကြပါဦး'

မတစ်လုံးကျော မောင်ဆိုးပေက ထိုင်ခုံတစ်ခုံယူဆွဲထိုင်ရင်း

'စာရေးဆရာ ဟော့လိုင်းလဲ ရောက်နေတာကိုး၊ အတော်ပဲကွာ၊ ငါဒီနေ့ ကောင်မလေးကို အကြင်နာမိုးရွာခဲ့တဲ့အကြောင်း မင်းဝတ္ထုထဲထည့်ရေးပေးစမ်းပါ'

'အဲဒီ လိုအညှီအဟောက်တွေမရေးပါရစေနဲ့ကွာ၊ ငါ့လက်ဆငါသိတယ်။ ရေးမိပြီဆိုရင်အရှိန်သတ်လို့ရမှာမဟုတ်ဘူး၊ တော်ကြာညစ်ညမ်းဝတ္ထုဖြစ်သွားလို့ ဆင်ဆာပိတ်ခံနေရဦးမယ်၊ ဒါနဲ့အခုဘယ်ကလာတာလဲ'

'ချစ်သူကို ယောက္ခမလောင်းကြီးအိမ် ပြန်ပို့ပေးပြီး ပြန်လာတာ'

'မင်းကတော့ဒါနဲ့ သေမှာပဲ'

သျှမ်းအေးကိုကမတစ်လုံးကျောမောင်းဆိုးပေကို ကောင်းချီးထောပနာပြုသည်။

'ဒါနဲ့မင်းတို့ဘာတွေတိုင်ပင်ဆွေးနွေးနေကြတာလဲ'

'မနက်ဖြန်သရဲရထားစီးမယ့်အကြောင်း ဟော့လိုင်းကို

ပြောပြနေတာပါ။ သူလည်းလိုက်ပြီးကုန်ကြမ်းယူမယ်တဲ့'

'ဟာ .. အဲဒါဆိုရင်ငါတို့လူအုပ်ကြီးပိုပြီးတော့စိုစိုပြည်ပြည်ဖြစ်သွားတာပေါ့၊ ကောင်းတယ် ... ကောင်းတယ်'

အဲဒီ အချိန်မှာ ကျွန်တော်တို့အဖွဲ့ရှေ့လမ်းပေါ်ကလူတစ်ယောက်လမ်းလျှောက်ရင်း အော်ပြောသွားသည်။

'ကိုးနာရီရထားစီးမယ့်သူတွေ အဲဒီအစီအစဉ်ကိုလက်လျှော့လိုက်တော့နော် အခြောက်ခံပြီးတဲ့သူတွေကတော့မျက်ဖြူဆိုက်နေပြီ'

သူ့စကားကြောင့်ကျွန်တော် ဇေကမ္ဘာအောင်ကြီးကို မေးလိုက်သည်။

'အဲဒါဘယ်သူလဲဗျ'

'ကိုးနာရီရထားသွားစီးလို့အခြောက်ခံလိုက်ရတဲ့ အောင်မင်းသူရဲ့ညီလေ၊ သူ့အစ်ကိုရထားပေါ်မှာတစ်ယောက်တည်း ဆေးလိပ်သောက်နေတုန်း အိမ်မက်လမ်းခွဲဘူတာ အရောက်မှာ ဆေးလိမ်မီးတစ်တို့ဆိုပြီး တောင်းတယ်တဲ့၊ သူလည်း သောက်လက်စ ဆေးလိပ်ကို ပေးလိုက်တော့ အဲဒီ လူက ဆေးလိပ်ဖွာမယ်ဆိုပြီး ပြတင်းပေါက်ကနေခုန်ချသွားတယ်တဲ့။ သူကြည့်မိတော့ ခေါင်းမပါဘူးတဲ့၊ ခေါင်းကသံလမ်းဘေးမှာ ပြုတ်ကျနေတယ်တဲ့၊ အဲဒါနဲ့အဲဒီ ခေါင်းကပါးစပ်ထဲကို ဆေးလိပ်ထည့်ပေးလိုက်တော့ ဆေးလိပ်ဖွာပြီးကိုယ်လုံးကြီးကသူ့အစ်ကိုရဲ့ ဆေးလိပ်ကိုရထားဘေးက ပြေးလိုက်ပြီး ပြတင်းပေါက်ကနေ ပေးတယ်တဲ့'

ကြားရတဲ့စကားတွေက သွေးပျက်ချင်စရာ ကောင်းလှသည်။

'ဟာ ... ဒါဖြင့်ရင်အဲဒီ နေရာက သရဲတော်တော်ကြမ်းတာပဲ'

'ရထားကြိတ်ခံရတော့လည်း ခေါင်းတခြားကိုယ်တခြား

ဖြစ်သွားတာတွေပါမှာပေါ့၊ ငါ့ကိုလည်းငါ့ကောင်မလေး ပြောဖူးတယ်။ သူ့အစ်ကိုအဲဒီ ရထားသွားစီးတာ ပြတင်းပေါက်နားမှာ ကောင်မလေးတစ်ယောက် ဆံပင်ဖားလားချပြီးထိုင်နေတယ်တဲ့၊ ဒါနဲ့သူ့အစ်ကိုကစချင်တာနဲ့အပြင်မှာဘာတွေရှိလို့ ဒီလောက်တောင် ငေးနေရတာလဲလို့ မေးတော့ခန္ဓာကိုယ်က နေရာမရွှေ့ဘဲ ခေါင်းကြီးပဲလှည့်လာပြီးပြုံးပြတယ်တဲ့လေ'

'အမလေး .. .ကြားရတာ ကြက်သီးထစရာကြီးပါလား'

ကျွန်တော်နည်းနည်းကျောချမ်းသလို ဖြစ်သွားသောကြောင့်အနောက်တွေလာတွေကိုတောင် ယောင်ယမ်းလှည့်ကြည့်မိလိုက်သည်။

ခွေးတစ်ကောင်ခြိစည်းရိုးကိုခွပြီး သေးပန်းနေတာကလွဲ၍ ဘာမှမရှိ။

'ကဲ ... ဒါဆိုရင်မနက်ဖြန်စနေနေ့ ငါတို့သရဲရထားသွားစီးမယ်၊ အားလုံးသဘောတူလား'

ကျွန်တော်ကလက်ကာပြ၍

'ခဏလေးနေပါဦးကိုအောင်ကြီး၊ ကျွန်တော်တစ်ခုစဉ်းစားမိတယ်'

'ပြော'

'ပုံမှန်အနေအထားဆိုရင် ကျွန်တော်လိုက်လို့ရပေမယ့် အခုအချိန်မှာ နှလုံးအားနည်းတဲ့ရောဂါကြောင့် ဆရာဝန်က လေးလတိတိနှလုံးအားဆေးကို စွဲသောက်ခိုင်းထားတယ်။ ပြီးတော့ စိတ်ပြေလက်ပျောက်ဖြစ်အောင် ခရီးဝေးမဟုတ်ဘဲ ဟိုနားဒီနားအလည်အပတ်ထွက်ခိုင်းတယ်၊ အဲဒါကိုကျွန်တော်က စကားနားမထောင်ဘဲထွက်မယ့်ထွက် ဝေးဝေးထွက်ချင်တယ်ဆိုပြီး အစ်ကိုတို့ရှိတဲ့ နေရာအထိ ရောက်အောင်လာခဲ့တယ်။ အဲဒါကိုသိတယ်နော်'

'အင်း'

'ပြီးတော့ဆရာဝန်ကအရေးကြီးတဲ့အချက် စိတ်ဖိစီးမှု လျှော့ချပါ။ စိတ်လှုပ်ရှားစရာထိတ်လန့်စရာတွေမကြုံအောင် ပျော်ပျော်နေပါလို့လည်းမှာထားတယ်။ ခရီးဝေးထွက်လာတာ နည်းနည်းပင်ပန်းရုံကလွဲပြီး ဘာမှမဖြစ်ပေမယ့် ဒီသရဲရထားစီးဖို့ကျတော့မတော်တဆတခုခုမြင်ပြီး ရှော့ခ်ဖြစ်သွားရင်'

ကျွန်တော့်စကားကြောင့် အားလုံးတစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီး

'အင်း ... ဒါတော့ဟုတ်တယ် ၊ လူကောင်းတွေတောင်သရဲနဲ့တွေ့ရင် လိပ်ပြာလွင့်တာမျိုးတွေ ဖြစ်သေးတာ။ မင်းလို နေမကောင်းဖြစ်နေတဲ့လူကနှလုံးသွေးရပ်ပြီး သေမသွားနိုင်ဘူးလို့မပြောနိုင်ဘူး။ မလိုက်ခဲ့ပါနဲ့ကွာ၊တစ်နယ်တစ်ကျေးမှာ မင်းဒုက္ခရောက်သွားရင် ငါလို့လည်းမကောင်းဘူး'

ကိုအောင်ကြီးစကားကိုအားလုံး ထောက်ခံလိုက်ကြ၏ ။

'ဟုတ်ပါတယ်၊ အဲဒါဆိုလည်းမင်းမလိုက်ပါနဲ့၊ ငါတို့ မေ့သွားတယ်၊ မင်းကိုမခေါ်သင့်ဘူး၊ မင်းကလူကောင်းမှမဟုတ်တာ'

'အဲဒီ လိုတော့လည်းမပြောပါနဲ့ဗျာ၊ တဖြည်းဖြည်းနဲ့ ကောင်းလာပါပြီ၊ ကောင်းလာလို့လည်းခရီးဝေးထွက်ဖို့ကို အိမ်ကခွင့်ပြုလိုက်တာပေါ့၊ ဒါပေမယ ့ဖုန်းတော့မကြာမကြာဆက်ခိုင်းတယ်၊ မနက်ဖြန်တစ်ရက် လောက်နေပြီးတာနဲ့ ဆေးဖြတ်လို့ရပါပြီ'

'ဒါပေမယ့်ဒီခရီးစဉ်က မင်းနဲ့မအပ်စပ်ဘူးကွ၊ မင်းဘယ်နှစ်ခါသရဲအခြောက်ခံရဖူးလဲ'

ကျွန်တော်လက်ချိုးရေလိုက်သည်။ မှတ်မှတ်ရရ

'တစ်ခါမှအခြောက်မခံဖူးပါဘူး'

'အဲဒါဆိုပိုမဖြစ်ဘူးကွ၊ ငါတို့အခြောက်ခံဖူးတော့ အတွေ့အကြုံရှိတယ်'

'ဟင် .. ခင်ဗျားလို့အခြောက်ခံဖူးတဲ့အတွေ့အကြုံရှိတယ်၊ ပြောပါဦးဘယ်အခြောက်လဲ'

ကျွန်တော့်စကားကြောင့် အားလုံးမျက်လုံးပြူးသွားသည်။

'ဟာ ... ဟော့ကောင်မင်းစကားကြီးက ဘာစကားလဲ'

'ဩော် ... မှားသွားလို့ပါဗျာ၊ ဘယ်သရဲလဲလို့ မေးတာပါ'

ကိုအောင်ကြီးကမျက်နှာရှုံ့မဲ့မဲ့နှင့်

'ငယ်ငယ်တုန်းကပါကွာ၊ လယ်ကွင်းထဲက ဖြတ်ပြန်တာ၊ အနောက်မှာတစ်ယောက်ယောက်ကပ်လိုက်လာသလိုခံစားရပြီး ခေါင်းမွေးတွေထောင်တက်လာလို့အိမ်ကို ပြေးတာတန်းနေတာပဲ'

'ကျွန်တော်က ကိုယ့်ဒုက္ခကိုယ်ရှာတာတော့မဟုတ်ပါဘူးဗျာ၊ ဒါပေမယ့် ဒီရထားပေါ်က သရဲ့နာမည်ကြီးနေလို့ဂတ္တုရေးရအောင်ကုန်ကြမ်းရှာချင်တာပါ'

'ကြည့်လည်းလုပ်ဦး ဟော့ကောင်ရေ၊ သရဲကကုန်ကြမ်းမပေးဘဲ အာဘွားလာပေးသွားမှဟုတ်ပေ့ဖြစ်နေဦးမယ်'

သျှမ်းအေးကိုစကားကြောင့် ကျွန်တော်ရယ်လိုက်ရင်း

'အဲဒီ လိုတော့လည်း လုပ်မှာမဟုတ်ပါဘူးကွာ မင်းတို့ ပြောပုံအရသရဲက စုံတွဲဆိုတော့သူတို့အချင်းချင်းတောင်းမအားရတာ ငါ့ကိုတော့သရဲမက ပြစ်မှားမှာမဟုတ်ဘူး'

'ပြောလို့မရဘူးလေကွာ၊ မင်းရုပ်ရည်ကသရဲထီးထက်သာနေတော့

သရဲမ ပြစ်မှားချင် ပြစ်မှားပါပေ့ါ'

'ခွေးကောင်'

ကျွန်တော်သျှမ်းအေးကိုလက်မောင်းကို ခပ်ဆတ်ဆတ်လေးပစ်ထိုးလိုက်သည်။

ကျွန်တော့်များသရဲထီးထက်သာတယ်တဲ့၊ မြှောက်တာ မြင့်မြင့်မမြှောက်ဘဲ ဖိနပ်ချွတ်လွတ်ရုံမြှောက်တဲ့ကောင်။

'ကဲ .... ကဲဒါဆိုရင်လည်း မနက်ဖြန်ညမင်းလိုက်မှာလား၊ မလိုက်ဘူးလားတစ်ခါတည်းဆုံးဖြတ်၊ ဘယ်စာရေးဆရာမှတော့ ကိုယ့်သေတွင်းကိုယ်တူးပြီး ကုန်ကြမ်းမရှာဘူး၊ မင်းက မြန်မာပြည်ရဲ့ပထမဆုံးစံချိန်တင်ချင်ရင်လိုက်ခဲ့ပေ့ါ'

ကိုအောင်ကြီးစကားကို နိုင်တီးတူးဖိုးကျော်က အပြင်းအထန်ကန့်ကွက်သည်။

'ခင်ဗျားကလည်း စကားကို အဲဒီ လိုတော့အလွန်မပြောပါနဲ့ဗျာ၊ သရဲ့သူခြောက်ချင်တဲ့သူ ခြောက်မှာပေ့ါ၊ ခင်ဗျားပြောပုံကြီးက ဟော့လိုင်းအဲဒီ ရထားစီးရင်ပဲ သရဲအခြောက်ခံရလို့ရထားပေါ်မှာခုန်ချပြီး သေမယ့်ပုံ၊ လိပ်ပြာလွင့်ပြီးဘဂကူးမယ့်ပုံ၊ နှလုံးခုန်ရပ်ပြီး လျှောမယ့်ပုံ၊ သွေးလေခြောက်ချားပြီးရူးမယ့်ပုံ'

ကျွန်တော့်နိုင်တီးတူးဖိုးကျော်ကို နားရင်းရိုက်၍ သတိပေးပေးသည်။

'ဟော့ကောင် .. နည်းနည်းလျှော့၊ မင်းပြောမှများနေပြီ၊ ကိုအောင်ကြီးပြောတာအဲလောက်မဟုတ်ဘူး'

အားလုံးရယ်ဖွဲ့နေစဉ်အိမ်ထဲမှ ဂေါက်သီးလှဒွေးငါးမုန့်ပန်းကန်နှင့်နို့အိုးကြီးယူပြီးထွက်လာသည်။

'အေး … အေးသရဲရထားစီးမယ့်ညလည်း ဒီလိုဟားတိုက်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်ကွာ'

ပြောပြောဆိုဆိုဖြင့် ဂေါက်သီးလှဋ္ဌေးကသူတို့အလယ်ရှိစားပွဲဝိုင်းပေါ် ငါးမုန့်ပန်းကန်တင်ရင်း နွားနို့အိုးကိုဖွင့်လိုက်သည်။

'ကဲ .. တစ်ယောက်အိမ်ထဲကဖန်ခွက်သွားယူကွာ၊နွားနို့ သောက်ရအောင် မင်းတို့အတွက်ငါကျိုထားတာ'

'ဟာ … ဂေါက်သီးလှဋ္ဌေးကတော့ ဘာတွေ ဂေါက်ကြောင်လာပြန်ပြီလဲ၊ ဘီယာနဲ့ငါးမုန့်လည်းမဟုတ်၊ ခေါင်ရည်နဲ့ငါးမုန့်လည်းမဟုတ်၊ နွားနို့နဲ့ငါးမုန့်ဘာမှမဆိုင်ဘူး၊ နွားနို့နဲ့ ပေါင်မုန့်ဆိုလည်း တော်သေး'

မတစ်လုံးကျေ မောင်ဆိုးပေကနွားနို့အိုးကိုကြည့်ရင်း ပြစ်တင်ရှုတ်ချချ ဂေါက်သီးလှဋ္ဌေးကလည်း ပြန်ပက်၏။

'ဟေ့ကောင် .. ရှိတာလုပ်ပေးတာမသောက်ချင်ရင်မသောက်နဲ့'

'ဟီး … သောက်မယ်'

ဘယ်အချိန်တည်းက ဝတ်နေလည်းမသိသော သျှမ်းအေးကိုက အိမ်ထဲဝင်ပြီး ဖန်ခွက်တွေ မလာသည်။

ထို့နောက်တစ်ယောက်တစ်ခွက်စီ ပေးလိုက်၏။

'ငါကတော့မင်းကိုမလိုက်စေချင်ဘူး ဟော့လိုင်း၊ ဒီကောင်တွေက သေမထူးနေမထူးတွေ သရဲကောဘာကောသိတာမဟုတ်ဘူး၊ အားအားယားယား စောက်ကမြင်းကြောထပြီး သွားပွေးမယ့်ကိစ္စမှာ မင်းကိုဓားစာခံမဖြစ်စေချင်ဘူး'

ကျွန်တော်အိတ်ထဲမှာအသင့်ဆောင်ထားသည့် နှလုံးငြိမ်ဆေးကို နွားနို့တစ်ငုံနှင့် မျှောချလိုက်ပြီး

'ဘာအကြောင်းကိစ္စမှမရှိဘဲနဲ့တောင် သူတို့ သေသွားရင်

ကျွန်တော်ကပိုလိုက်သင့်တယ်လို့ ထင်တယ်ကိုလှဌေး၊ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော့်အတွက်ကုန်ကြမ်းရမှာမို့လို့ပဲ၊ တစ်ကျောင်းတစ်ဂါထာတစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ဒီခရီးစဉ်လေးဟာ ကျွန်တော့်အတွက်ဇာတ်လမ်းတစ်ပုဒ် ဖြစ်လာမယ်ဆိုရင် အကျိုးမဲ့တဲ့ခရီးမဖြစ်ပါဘူး'

'အဲဒါဆိုရင်လည်းဒီကောင်တွေသွားပစေပေါ့ကွာ၊ ပြန်လာတော့မင်းသူတို့အတွေ့အကြုံတွေ မေးရတာ ပဲ'

ကျွန်တော်က ခေါင်းကိုခါယမ်းလိုက်သည်။

'အလုပ်တစ်ခုကိုထဲထဲဝင်ဝင်လုပ်ပြီဆိုရင် ကိုယ်တိုင်ဦးဆောင်ရမှ စိတ်တိုင်းကျတာကျွန်တော့်ရဲ့ဝါသနာပဲအစ်ကို၊ သူများပြောမှသိလို့ ရေးတာထက်ကိုယ်တိုင်သွားတာ မမှားနိုင်ဘူး၊ စနစ်လည်းပိုကျတယ်၊ နောက်ဆုံးသရဲမခြောက်ပဲ ပြန်လာခဲ့ရဦးတော့ ကိုယ်တိုင်သွားလိုက်တော့ ဘယ်ဘူတာကနေဘယ်ဘူတာကို ဘယ်နှမိနစ်ကြာတယ်၊ ဘယ်နေရာမှာ ဘယ်လိုခြောက်ရင်စိတ်ဝင်စားစရာ၊ ကြောက်စရာကောင်းမယ်ဆိုတာ စိတ်ကူးယဉ်ဖန်တီးလို့ရတယ်။ ရွာသာကြီးစိတ်ဝေဒနာရှင်တွေ ပြောတဲ့ဟာသ Plot လေးတွေရချင်လို့ ကိုယ်တိုင်ရွာသာကြီးသွားပြီး လေ့လာခဲ့တာအစ်ကိုသိပါတယ်။ VIP ချစ်သူဝတ္ထုအစမှာလေ'

'အေးသိပါတယ်ကွာ၊ တကယ့်လိုင်ရဲပြည်အကြောင်းရေးချင်ရင် မင်းငရဲပြည်မှာကုန်ကြမ်းသွားရှာမှာလား'

'ဟာ ... အဲဒါတော့ဘယ်ဖြစ်မလဲ၊ မသွားသင့်တဲ့နေရာပဲ'

'အေး ... အဲဒီ ရထားပေါ်ကလည်း မသွားသင့်တဲ့နေရာပဲကွ'

'အစ်ကိုရော ... အခြောက်ခံလိုက်ရလို့လား'

'ဟင့်အင်း .... ငါကတော့အသံတွေကြားကတည်းက ယောင်လို့တောင်ညဘက် ရထားပေါ်မတက်ဘူး'

မဟာသတ္တိခဲကြီးကို ဂုဏ်ပြုသည့်အနေနှင့် ကျွန်တော်သူယူရန်လက်လှမ်းနေသော ငါးမုန့်ပန်းကန်ကို ရှေ့တိုးပေးလိုက်သည်။

'ကဲ ... အဲဒါဆိုရင် စနေနေ့ညကိုးနာရီသရဲရထားစီးမယ့်အစီအစဉ်အတည်ပြုလိုက်ပြီနော်၊ ဟော့လိုင်းမင်းလိုက်မှာ သေချာလား'

'ကျွန်တော်စဉ်းစားလိုက်ဦးမယ်ဗျာ၊ လိုက်သင့်မလိုက်သင့်'

'ဟင် .. ခုနကတော့ သူပဲလိုက်တော့မလိုဘာလိုလိုနဲ့ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောနေတယ်'

'ဒါကတော့ဗျာ စိတ်ကလိုက်ချင်ပေမယ့်ရုပ်ကို ပြန်ငဲ့ရဦးမယ်လေ၊ မတော်တဆရထားပေါ်မှာ သတိလစ်မေ့မြောသွားရင် ဘယ်သူကအနမ်းနဲ့ ပြန်အသက်သွင်းပေးမှာလဲ၊ ဟော့လိုင်းမိန်းမမရသေးဘူးဗျ'

သရဲခြောက်ခံရဖို့ကိုကဗျာဆန်နေသော ကျွန်တော့်အား အားလုံးက မျက်စောင်းဝိုင်းထိုးလိုက်ကြသည်။

*